**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၆/၂၀၂၆)

| | |
|---|---|
| ဒေါ်သန်းသန်းဆွေ (အလုပ်သမား)<br>လှော်ကား၊ စမ်းချောင်းလေး၊<br>ရွှေပြည်သာမြို့နယ်။<br>၀၉-၆၇၃ ၉၇၂ ၂၄၁ | တောင်းဆိုသူ |

နှင့်

| | |
|---|---|
| Mr. Wang Jun (အလုပ်ရှင်)<br>PWR Fashion Co., Ltd (အထည်ချုပ်စက်ရုံ)၊<br>အမှတ် (၂၈၇/C/D)၊ အမှတ် (၄)လမ်းမကြီး၊<br>သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်။<br>၀၉- ၂၆၀ ၆၄၅ ၁၁၅ | တောင်းဆိုခြင်းခံရသူ |

ရက်စွဲ။၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)လမ်းမကြီး၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်ရှိ Mr. Wang Jun (တရုတ်နိုင်ငံသား)(အလုပ်ရှင်) ပိုင်ဆိုင်သော PWR Fashion Co., Ltd (အထည်ချုပ်စက်ရုံ) နှင့် ဒေါ်သန်းသန်းဆွေ(အလုပ်သမား) တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

ကောက်ချက်။ အလုပ်ရှင်က ဒေါ်သန်းသန်းဆွေ(အလုပ်သမား)အား အလုပ်မှထုတ်ပယ်ခဲ့သည့်အတွက် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လုပ်ကိုင်လိုခြင်း (သို့မဟုတ်)

နို့တစ်ကြေးနှင့် လုပ်သက်နှစ်များအလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးများ ပေးရန် သင့်/ မသင့်။

**အမှုဖြစ်စဉ်အကျဉ်းချုပ်**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၄)လမ်းမကြီး၊ သာခုကန်စက်မှုဇုန်၊ ရွှေပြည်သာမြို့နယ်ရှိ Mr. Wang Jun (အလုပ်ရှင်) ပိုင်ဆိုင်သော PWR Fashion Co., Ltd (အထည်ချုပ်စက်ရုံ) နှင့် ဒေါ်သန်းသန်းဆွေ(အလုပ်သမား) တို့အကြား ဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့ရာ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က (၄) ကြိမ်တိုင်တိုင် ညှိနှိုင်းဖြေရှင်းပေးသော်လည်း ပြေလည်မှုမရှိခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ ပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

**စစ်ဆေးတွေ့ရှိချက်**

၄။ အလုပ်သမား ထွက်ဆိုတင်ပြရာတွင် အလုပ်သမား ဒေါ်သန်းသန်းဆွေသည် သူနာပြုအကူအဖြစ် (၁၅-၈-၂၀၁၈) ရက်နေ့တွင် စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ လစာအဖြစ် ကျပ် ၄၅၀,၀၀၀ ခန့်ရရှိပါကြောင်း၊ လစာတွင်ပါဝင်သော အသေးစိတ်စာရင်းများ မသိရှိပါကြောင်း၊ (၃၀-၆-၂၀၂၆) ရက်နေ့တွင် အလုပ်မှရပ်စဲခံရကြောင်း၊ အလုပ်ရပ်စဲခံရသည့် အကြောင်းအရင်းမှာ စက်ရုံတွင် အမျိုးသမီးလစဉ်သုံးပစ္စည်းများ စပန့်အင်္ကျီဝမ်းဆက်၊ မိန်းကလေးစီးဖိနပ်အမျိုးမျိုး၊ ဘော်လီ၊ ကျားဝတ်အနွေးထည်များကို အကြွေးစနစ် လကုန်ပေးရောင်းချသည့်အတွက် ဖြစ်ကြောင်း၊ EC စာချုပ်ချုပ်ဆိုခဲ့ပြီး သက်တမ်းတိုးမှုမသိရှိပါကြောင်း၊ လူမှုဖူလုံရေးဝင်ထားပါကြောင်း၊ စက်ရုံဆေးခန်းတွင် ဆေးမလုံလောက်မှုအတွက် ဆေးပေးဝေရာတွင် အခက်အခဲရှိပါကြောင်း၊ EC စာချုပ်ကို မိမိထံပေးအပ်ထားမှုမရှိပါကြောင်း၊ တစ်နေ့အလုပ်သမား (၃၀)ဦးခန့် ဆေးထုတ်ပေး ကုသရပါကြောင်း၊ ဆေးခန်းတွင် အဆင်မပြေမှုနှင့် စက်ရုံတွင်ဈေးရောင်းချမှုအတွက် နှုတ်ဖြင့်သတိပေးမှုများကို မမှတ်မိပါကြောင်း၊ စာဖြင့် ၂၀၂၃ ခုနှစ်တွင် (၁)ကြိမ်ရှိခဲ့ပါကြောင်း၊ WCC ရှိသည်ကို မသိပါကြောင်း၊ ယခုမှပေါ်ပေါက်ကြောင်း၊ စက်ရုံတွင် မန်နေဂျာကိုယ်တိုင်ရောင်းကြောင်း၊ အကြွေးများကို တောင်းခိုင်းသဖြင့် တောင်းပေးရကြောင်း၊ အလုပ်သမား၏ ဆန္ဒအရ သနားသောအားဖြင့် အလုပ်ပြန်ခန့်ပေးစေလိုကြောင်း၊ အလုပ်ပြန်မခန့်နိုင်ပါက ကြားကာလနစ်နာကြေး၊ လုပ်သက်အလိုက်နစ်နာကြေးနှင့် နို့တစ်ကြေးတစ်လစာရယူလိုပါကြောင်း ထွက်ဆိုချက်အရ သိရှိရပါသည်။

၅။ အလုပ်ရှင်ကိုယ်စား GM ဦးအေးသိန်းမှ ထွက်ဆိုရာတွင် ဒေါ်သန်းသန်းဆွေသည် (၁၅-၈-၂၀၁၈) ရက်နေ့တွင် သူနာပြုအကူရာထူးဖြင့် လုပ်ကိုင်ခဲ့ပြီး လစာမှာ ကျပ် ၃၀၀,၀၀၀ မှ ကျပ် ၄၀၀,၀၀၀ ကျပ်ခန့်ရှိကြောင်း၊ လစာတွင်ပါဝင်သောခေါင်းစဉ်များအတွက် (၄/၂၀၂၆)၊ (၅/၂၀၂၆)၊ (၆/၂၀၂၆) လအတွက် လစာစာရင်းတင်ပြပါကြောင်း၊ မန်နေဂျာအဖြစ် ၂၀၂၄ ခုနှစ် ဇွန်လတွင်

ထမ်းဆောင်ခဲ့ပါကြောင်း ဒေါ်သန်းသန်းဆွေသည် စက်ရုံမှတာဝန်ပေးအပ်ထားသည့် အလုပ်ထက် ဈေးရောင်းချမှုကများကြောင်း၊ အထောက်အထားများရှိကြောင်း၊ ပြောမရဆိုမရ သတင်းသိရကြောင်း၊ (၇-၁၁-၂၀၂၄) ရက်နေ့တွင် ခေါ်ယူဆွေးနွေးခဲ့ပြီး တာဝန်ထမ်းဆောင်မှုအတွက် ကြေညာချက်ထုတ်ပြန်သတိပေးခဲ့ပါကြောင်း၊ လက်မှတ်ရေးထိုးပြီး (၂၀၂၅) တစ်နှစ်လုံး ပြောင်းလဲမှု မရှိကြောင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ နှုတ်ဖြင့် အကြိမ်ကြိမ်သတိပေးခဲ့ရကြောင်း၊ စာဖြင့် (၂၄-၃-၂၀၂၅) ရက်နေ့တွင် တစ်ကြိမ် လက်မှတ်မထိုးခဲ့ကြောင်း၊ (၂၈-၅-၂၀၂၅) ရက်နေ့တွင် တစ်ကြိမ်လူနာကို မချေမငံပြော၍ လက်မှတ်မထိုးကြောင်း၊ (၆-၆-၂၀၂၆) ရက်နေ့တွင် တာဝန်ကျရာနေရာတွင်မရှိ၊ ဆေးခန်းပိတ်ပြီး စက်တန်းတွင် အကြွေးသိမ်းသဖြင့် လက်မှတ်ထိုးခိုင်းရာ မထိုးသဖြင့် WCC ကထိုးခဲ့ကြောင်း၊ နှုတ်ဖြင့် အကြိမ်ကြိမ်မမှတ်မိကြောင်း၊ ဒေါ်သန်းသန်းဆွေ ရောင်းသောပစ္စည်းများမှာ ကျားဝတ်၊ မဝတ်၊ ထီး၊ လူသုံးကုန်များဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် ပြုပြင်ရန် မကြိုးစားကြောင်း၊ ၂၀၂၆ ခုနှစ်တွင် အလုပ်ချိန်အတွင်း ဆေးခန်းမှာမရှိပါကြောင်း၊ စက်တန်းတွင် ဈေးရောင်းခြင်း၊ အကြွေးလိုက်လံကောက်ခံကြောင်း ၎င်းထံဈေးဝယ်သူများကို ဆေးခန်းလာပါက အဆင်ပြေပြီး ဈေးမဝယ်သူများကို မချေမငံဆက်ဆံကြောင်း၊ အမြဲတမ်းစကားများရန်ဖြစ်သဖြင့် အကြိမ်ကြိမ်နှုတ်ဖြင့် သတိပေးခြင်း၊ WCC ရှေ့မှောက်တွင် ၂၀၂၆ ခုနှစ်အတွင်း ခေါ်ယူသတိပေးလက်မှတ်ရေးထိုးစေရာ လက်မှတ်မထိုးသဖြင့် WCC အဖွဲ့ဝင်များက အသိသက်သေလက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ WCC အဖွဲ့အသစ်ကို ၂၀၂၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး အလုပ်ရှင်ကိုယ်စားလှယ်ဒေါ်မေစုကြည် (HR)၊ ဒေါ်အိအိဟန် (Accountant)၊ ဦးသန့်ဇင်ဦး (စည်းကမ်းထိန်းသိမ်းရေး)နှင့် အလုပ်သမားကိုယ်စားလှယ် ဒေါ်လေးနွယ်နွယ်သိန်း (Cutting)၊ ဒေါ်မိုးသူဇာ (OP) နှင့် ဒေါ်အေးငြိမ်းသူ (OP) တို့ဖြစ်ကြောင်း၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ အတည်ပြုထားသော WCC စာရင်းကို စက်ရုံအတွင်းကပ်၍ ကြေညာအသိပေးထားကြောင်း၊ ဒေါ်သန်းသန်းဆွေအား သတိပေးစာကို WCC ရှေ့မှောက်တွင် ခေါ်ယူအသိပေး သတိပေး၍ လက်မှတ်ရေးထိုးစေရာ ၂၀၂၆ ခုနှစ်အတွင်း (၁) ကြိမ်သာ လက်မှတ်ရေးထိုးခဲ့ပြီး နောက်ပိုင်းလက်မှတ်မထိုးသဖြင့် WCC အဖွဲ့ဝင်များက သက်သေလက်မှတ်ရေးထိုးခဲ့ရကြောင်း၊ စက်ရုံသို့ အခြားကုမ္ပဏီများက စက်ရုံသူဌေး၏ သဘောတူညီချက်အရ ပစ္စည်းများကို အလုပ်သမားများအား လာရောက်ရောင်းချခြင်းဖြစ်ကြောင်း၊ ရောင်းချသည့် ပစ္စည်းများမှာ ကြက်ဥ၊ ကော်ဖီမစ်၊ စားသောက်ကုန်များ မန်နေဂျာအနေဖြင့် ၎င်းပိုင်ကုန်ပစ္စည်းများရောင်းချမှု မရှိပါကြောင်း၊ ခုံသမာဓိအဖွဲ့မှ (၁၃-၈-၂၀၂၆) ရက်နေ့တွင် စက်ရုံ၌ WCC အဖွဲ့ဝင် (၆) ဦးအနက် အလုပ်ရှင်ကိုယ်စားလှယ် (၂)ဦး ဒေါ်မေစုကြည် (HR)၊ ဦးသန့်ဇင်ဦး (စည်းကမ်းထိန်းသိမ်းရေး) နှင့် အလုပ်သမားကိုယ်စားလှယ်(၂)ဦး ဒေါ်လေးနွယ်နွယ်သိန်း(Cutting)၊ ဒေါ်မိုးသူဇာ(OP)တို့ (၄)ဦးကို ထပ်မံစစ်ဆေးမေးမြန်းခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အရ ဒေါ်သန်းသန်းဆွေသည် ဆေးခန်းတာဝန်ပျက်ကွက်မှု၊ စက်ရုံအတွင်း ကုန်ပစ္စည်းရောင်းချမှု၊ အကြွေးတောင်းမှု၊ ရန်ဖြစ်

CS CamScanner

စကားများမှုများနှင့်ပတ်သက်၍ ၂၀၂၆ ခုနှစ်မတိုင်မီ ၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ်ကာလများကို မှတ်ယူခြင်းမပြုဘဲ ၂၀၂၆ ခုနှစ်အတွင်း သတိပေးစာများနှင့်ပတ်သက်ပြီး (၅)ကြိမ်ရှိခဲ့ကြောင်း၊ (၁) (၁၉-၂-၂၀၂၆) ရက်နေ့ အလုပ်ချိန်အတွင်း ဆေးခန်းအတွင်း စျေးရောင်းချခြင်းအတွက် ကိုယ်တိုင်လက်မှတ်ရေးထိုးပါကြောင်း၊ WCC အဖွဲ့ဝင်များလဲ ရေးထိုးပါကြောင်း၊ (၂)(၉-၃-၂၀၂၆) ရက်နေ့ အလုပ်ချိန်အတွင်း ဆေးခန်းအတွင်း စျေးရောင်းချခြင်းအတွက် လက်မှတ်မထိုးသဖြင့် WCC အဖွဲ့မှ ရေးထိုးရကြောင်း၊ (၃) (၄-၅-၂၀၂၆) ရက်နေ့ အလုပ်ချိန်အတွင်း ဆေးခန်းအတွင်း စျေးရောင်းချခြင်းအတွက် WCC အဖွဲ့မှ ရေးထိုးရကြောင်း၊ (၄) (၈-၅-၂၀၂၆) ရက်နေ့ အလုပ်ချိန် အတွင်း ဆေးခန်းအတွင်း စျေးရောင်းချခြင်းအတွက် WCC အဖွဲ့မှ ရေးထိုးရကြောင်း၊ (၅) (၂၂-၆-၂၀၂၆) ရက်နေ့ လူနာအား မချေမငံဆက်ဆံသဖြင့် လက်မှတ်မထိုးကြောင်း၊ WCC များ လက်မှတ်ရေးထိုးထားကြောင်း၊ ဒေါ်သန်းသန်းဆွေသည် ၂၀၂၆ ခုနှစ်အတွင်း သတိပေးစာဖြင့် ခေါ်ယူသတိပေးပြီး လက်မှတ်ရေးထိုးစေရာ ရေးထိုးပေးမှု မရှိခဲ့ကြောင်း၊ WCC အဖွဲ့ဝင်များ ထွက်ဆိုချက်အရ သိရှိရကြောင်း၊ ပြင်ပကုမ္ပဏီ စက်ရုံအတွင်း စျေးရောင်းချမှုစုံစမ်းရာ မန်နေဂျာ က ၎င်းပစ္စည်း ရောင်းချမှုမရှိကြောင်း၊ ပြင်ပကုမ္ပဏီများက ကော်ဖီမစ်လာရောက် ကြော်ငြာပြီး အခမဲ့တိုက်ကျွေးခြင်း စည်ပင်မှ ကြက်ဥလာရောင်းခြင်း၊ ကုမ္ပဏီဖျက်သိမ်းသဖြင့် စားသောက် ကုန်များ(၂)လပေးဖြင့် လာရောက်ရောင်းချခြင်းများကို သူဌေး၏သဘောတူဆန္ဒအရ စီစဉ်ပေး ခြင်းရှိခဲ့ကြောင်း၊ ဒေါ်သန်းသန်းဆွေသည် ၂၀၂၆ ခုနှစ်အတွင်း စည်းကမ်းချိုးဖောက်မှု (၅) ကြိမ် အပေါ် စက်ရုံမှ WCC အဖွဲ့နှင့်ညှိနှိုင်းပြီး (၃၀-၆-၂၀၂၆) မှ စပြီးအလုပ်မှရပ်စဲခဲ့ကြောင်း၊ စက်ရုံ တွင် အလုပ်သမား (၁၈၀၀) ကျော်ရှိရာ ဆေးခန်းတာဝန်ယူထားသော ဆရာမတာဝန်မကျေမှု ကြောင့် အရေးပေါ်အလုပ်သမားများအတွက် အခက်အခဲရှိရကြောင်း၊ ၎င်းအလုပ်မှရပ်စဲခံရ သဖြင့် စက်ရုံမှ အလုပ်သမား(၃၀၀)အတွက် ၎င်းရောင်းချထားသော လူစာရင်းအရ အကြွေးငွေ သိန်း (၁၀၀)ခန့်ကို WCC အဖွဲ့ဝင် (HR) အား ရွှေပြည်သာအမှတ် (၄)ရပ်ကွက်ရုံးသို့ တိုင်ကြား ခဲ့သဖြင့် လိုက်လံဖြေရှင်းခဲ့ရကြောင်း၊ အကြွေးသိန်း (၁၀၀) တောင်းခံသူများစာရင်းကို ရုံးသို့ တင်ပြပါကြောင်း၊ ဒေါ်သန်းသန်းဆွေသည် ဆေးခန်းတာဝန်ကျေပွန်မှုမရှိဘဲ စက်တန်းထဲ စျေးရောင်းချခြင်း၊အကြွေးတောင်းခြင်းများကြောင့် ဆက်လက်ခန့်ထားပါကလည်း အလုပ်သမား များနှင့် အဆင်ပြေမှုမရှိနိုင်ပါကြောင်း၊ စျေးရောင်းကိစ္စ၊ အကြွေးကိစ္စ၊ လိုင်းထဲတွင် ရန်ဖြစ်မှုများ ဖြစ်နိုင်ကြောင်း ထွက်ဆိုချက်အရသိရှိရပါသည်။

**သုံးသပ်ချက်**

၆။ ဒေါ်သန်းသန်းဆွေ၏ လစာကို စိစစ်ရာလစာစုစုပေါင်း (၄/၂၀၂၆) လအတွက် ကျပ် ၄၄၁,၅၉၇ ၊ အချိန်ပိုကြေး ကျပ် ၇၀,၀၀၀ အသားတင်စုစုပေါင်း ကျပ် ၃၇၁,၅၉၇၊ (၅/၂၀၂၆)လ အတွက် ကျပ် ၄၆၂,၃၇၉၊ အချိန်ပိုကြေးကျပ် ၁၁၆,၀၀၀ အသားတင်စုစုပေါင်းကျပ် ၃၄၆,၃၇၉၊

(၆/၂၀၂၆)လအတွက် ကျပ် ၄၄၅,၃၆၉၊ အချိန်ပိုကြေးကျပ် ၁၁၆,၀၀၀ အသားတင်စုစုပေါင်း ကျပ် ၃၂၉,၃၆၉ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၇။ ဒေါ်သန်းသန်းဆွေသည် ၂၀၁၈ ခုနှစ်တွင် အလုပ်စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ ဆေးခန်းတာဝန်နှင့် မိမိကိုယ်ပိုင်ပစ္စည်းရောင်းချမှုကို တွဲလုပ်နေကြောင်း၊ အလုပ်သမားများလိုအပ်သည့် ပစ္စည်းများ အကြွေးစနစ်ဖြင့်ရောင်းချပြီး လကုန်ရက်တွင်ငွေသိမ်းရာ လိုင်းထဲသို့ လိုက်လံတောင်းခံခြင်း၊ အကြွေးမရရှိပါက လိုင်းထဲတွင်စကားများခြင်း၊ ဆေးခန်းကိစ္စအရေးပေါ်ရှိပါက ၎င်းအားရှာမတွေ့သဖြင့် ပြင်ပဆေးခန်းသို့ ပို့ဆောင်ပေးရခြင်း ပြင်ပကုမ္ပဏီများနှင့် စည်ပင်တို့မှ သူဌေးနှင့် ညှိနှိုင်း၍ စက်ရုံအလုပ်သမားများအား စားသောက်ကုန်၊ ကြက်ဥ၊ ကော်ဖီမစ် လာရောက်ရောင်းချခြင်းများအား မန်နေဂျာမှ ကိုယ်ပိုင်ပစ္စည်းရောင်းချသည်ဟု မှတ်ယူခြင်း၊ ၂၀၂၆ ခုနှစ်မတိုင်မီ အပြစ်များ သတိပေးစာများမှာ သက်တမ်းကျော်လွန်နေသဖြင့် ၂၀၂၆ ခုနှစ်အတွင်း သတိပေးစာများအပေါ်သာ စိစစ်ရာတွင် (၅)ကြိမ် ခေါ်ယူသတိပေးပြီး သတိပေးစာ လက်မှတ်ရေးထိုးစေရာ (၁)ကြိမ်သာလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ကျန် (၄)ကြိမ်တွင် ဒေါ်သန်းသန်းဆွေမှာ ပါဝင်ခဲ့ပြီး သိရှိခဲ့သော်လည်း လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့မှုကြောင့် WCC အဖွဲ့ဝင်များကသာ ရေးထိုးခဲ့မှုရှိခဲ့ကြောင်း၊ ဆေးခန်းတာဝန်ရှိလျက်နှင့် စက်ရုံအတွင်း ဆေးခန်းအတွင်း ဈေးရောင်းချမှု အကြိမ်ကြိမ်ကျူးလွန်ခြင်းသည် ၂၀၂၃ ခုနှစ်၊ ၂၀၂၄ ခုနှစ်၊ ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ အလေ့အထသဖွယ် ဖြစ်ပွားနေကြောင်း၊ ဒေါ်သန်းသန်းဆွေသည် အလုပ်ဆက်လက်လုပ်ကိုင်လိုသော်လည်း အလေ့အထသဖွယ်ကျူးလွန်ခဲ့သော အချက်များ ဆက်လက်ဖြစ်ပွားပါက လုပ်ငန်းခွင်အခြေအနေ ထိခိုက်နိုင်ဖွယ်တွေ့ရှိရပါသည်။

၈။ သို့ဖြစ်ပါ၍ သူနာပြုအကူ ဒေါ်သန်းသန်းဆွေသည် ဆေးခန်းတွင်မနေဘဲ စက်ရုံတစ်ခု၏ ဥပစာတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်သကဲ့သို့ လိုင်းနေရာများတွင် သွားရောက်ဈေးရောင်းချခြင်း၊အကြွေးတောင်းခြင်း၊ စကားများခြင်းများကို အလေ့အထသဖွယ် ကျူးလွန်ခဲ့မှုများကြောင့် စက်ရုံမှထုတ်ပြန်သည့် စည်းကမ်းချက်၊ အလုပ်ရှင်၊ အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါအချက်များကို အကြိမ်ကြိမ်ဖောက်ဖျက်ခဲ့သောကြောင့် အလုပ်ပြန်ခန့်ရန် မလိုကြောင်းနှင့် နစ်နာကြေးပေးရန်မလိုကြောင်း သုံးသပ်ရရှိပါသည်။

**ဆုံးဖြတ်ချက်။** အလုပ်ရှင်က အလုပ်သမား ဒေါ်သန်းသန်းဆွေအား အလုပ်ပြန်လည်ခန့်ထားရန်မလိုကြောင်းနှင့် နစ်နာကြေး၊ နို့တစ်ကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

**ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။**

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (မင်းရဲဇော်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရှိဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဒေါ်ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ကျော်ညွန့်)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | (စိုးလွင်)<br>အဖွဲ့ဝင် | (ငြိမ်းမောင်)<br>အဖွဲ့ဝင် |

CamScanner